လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ May 2025

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၅) ကျင်းပ



**၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်** **နေပြည်တော်**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center-DMC) ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၅)ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်၍ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် ဦးစိုးကြည်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေး၌ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် က ပြောကြားရာတွင် ငလျင်ဒဏ်သင့် ဒေသများတွင် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဝန်ကြီးဌာနများအလိုက် Container Office နှင့် House များ တောင်းခံထားသည်များကိုလည်း အချိန်မီစိစစ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဝန်ထမ်းများအတွက် ယာယီတည်းခိုရေး စခန်းများ တည်ဆောက်ပေးခဲ့ပြီး လက်ရှိအချိန်တွင်

အဆင်ပြေစွာနေထိုင်လျက်ရှိကြောင်း၊ ယာယီဘာရှာများကို ဝန်ကြီးဌာနအလိုက် သေချာစွာစိစစ်၍ လိုအပ်သည့်အရေအတွက်ကိုသာ ဆောက်လုပ်ကြစေလိုကြောင်း၊ မြေနေရာရွေးချယ်မှုနှင့် ရေ၊ မီး၊ မိလ္လာကိစ္စများကို ကောင်းမွန်အဆင်ပြေအောင် စီစဉ်ပေးကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဝန်ကြီးဌာနများသို့ Container Office များ ဦးစားပေး အစီအစဉ်အလိုက် ချထားဆောင်ရွက်ပေးနေမှု၊ Container House များ ရောက်ရှိဖြန့်ခွဲဆောင်ရွက် ပေးနေမှု၊ ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများ အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြား ခဲ့ပါသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနေထိုင်နိုင်ရန် ယာယီဘာရှာ အဆောက်အအုံများဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ထပ်မံလိုအပ်မှုအခြေအနေများ၊ ယာယီနေထိုင်နိုင်မည့် Container House နှင့် ယာယီရုံးခန်းများအဖြစ် အသုံးပြုမည့် Container Office များရရှိ၍ ဝန်ကြီးဌာနပိုင် မြေနေရာများ၌ နေရာချထားဆောင်ရွက် လျက်ရှိမှု အခြေအနေများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းModular(prefabricated) office များ ရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေး



**၂၀၂၅ ခုနှစ်၊ မေလ ၆ ရက်** **နေပြည်တော်**

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှတစ်ဆင့် မီးရထားအတွဲ ၅၄ တွဲဖြင့် သယ်ဆောင်လာသည့် Modular (prefabricated) office ၁၀၈ လုံး ရွာတော်ဘူတာသို့ ရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် Modular (prefabricated) office များအား ကရိန်းများဖြင့် မော်တော်ယာဉ်များပေါ် စနစ်တကျ

တင်ဆောင်ပြီး ဝန်ကြီးဌာနရုံးများ၌ယာယီရုံးအဆောက်အဦများအဖြစ် အသုံးပြုနိုင်ရန်ဖြန့်ခွဲ ပို့ဆောင်နေမှုအခြေအနေကိုလည်းကောင်း၊ သီလဝါ ဆိပ်ကမ်းမှ တစ်ဆင့် မော်တော်ယာဉ် ၁၆ စီးဖြင့် သယ်ဆောင်လာသည့် ယာယီရုံးခန်းများ၌ အသုံးပြုမည့် ပရိဘောဂပစ္စည်းများပါဝင်သော ကွန်တိန်နာဘောက်များအား ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ နေရာချထားမှုကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ထို့အပြင် မေလ ၅ ရက်နေ့တွင် ရောက်ရှိလာသည့် Modular (prefabricated) office များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ၂၅ လုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ၅ လုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အလုံး ၃၀ နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့ ၄၄ လုံး ဖြန့်ဝေနေရာချထားပေးခဲ့ပြီး ကျန်ရှိသည့် Modular office များနှင့် ရုံးသုံးပရိဘောဂပစ္စည်းများကို ဝန်ကြီးဌာနများသို့ ဆက်လက်ဖြန့်ဝေ ပေးသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ယာယီစာသင်ကျောင်းဆောင် (Prefabricated School) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်



**၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်** **နေပြည်တော်**

မန္တလေးငလျင်ဘေးသင့် ဒေသများ အတွက် AHA Centre မှတဆင့် အလှူရှင်နိုင်ငံများက လှူဒါန်းထားသော အသင့်တပ်ဆင်အသုံးပြုနိုင်သည့် ယာယီစာသင်ကျောင်းဆောင်များ (Prefabricated Schools) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊

အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Lee Yam Ming၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ မတ်လ က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြောင့် စာသင်ကျောင်းများအပါအဝင် အခြေခံအဆောက်အအုံများ၊ လမ်းတံတားများ ထိခိုက်ပျက်စီးခဲ့ရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဇွန်လပထမပတ်အတွင်း ကျောင်းများအချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးများ အမိုးအကာ အောက်တွင် လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် AHA Centre ၏ ညှိနှိုင်းပေါင်းစပ် ပေးမှုဖြင့် အလှူရှင်နိုင်ငံများမှ လှူဒါန်းသည့် ယာယီစာသင်ကျောင်းဆောင် (၂၀)ဆောင်ကို နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် (၅) ဆောင်စီ တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Lee Yam Ming က ယာယီစာသင် ကျောင်းဆောင်များကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့ ထံသို့လွှဲပြောင်းပေးအပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

## ငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခြင်း



**၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်** **နေပြည်တော်**

မန္တလေး ငလျင်ဘေး ခံစားခဲ့ရသည့် မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်း အနားကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုး၊အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ(၁)၊ နေပြည်တော် မသန်စွမ်းသူများ အသင်းဥက္ကဋ္ဌနှင့် မသန်စွမ်းသူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ပြောကြားရာတွင် ပြန်လည်

ထူထောင်ရေးလုပ်ငန်းများနိုင်ငံတော်အစိုးရမှဦးဆောင်၍ အားသွန်ခွန်စိုက် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊အဆိုပါလျောင်ကြီးကြောင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မသန်စွမ်းသူ (၁၁၆၇)ဦး ငလျင်ဘေး ခံစားခဲ့ရသည်ကို သိရှိရပါကြောင်း၊ သဘာဝဘေးကြုံတွေ့ချိန်တွင် မသန်စွမ်းသူများသည် ပိုမို ထိခိုက်လွယ်သည့် အခြေအနေရှိသူများ ဖြစ်သောကြောင့် ၎င်းတို့၏ လတ်တလော သက်သာ ချောင်ချိရေး တစ်စိတ်တစ်ပိုင်း အထောက်အပံ့ ဖြစ်စေရန်အတွက် ငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်း သူများအား အထူးအခြေအနေတစ်ရပ်အဖြစ် ထောက်ပံ့ရခြင်းဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေဆပ်ကော်မတီကို ဖွဲ့စည်းထားရှိပြီး မသန်စွမ်းမှု အမျိုးအစားအလိုက် ဘေးအန္တရာယ် မဖြစ်ပွားမီ၊ ဘေးအန္တရာယ်ဖြစ်ပွားစဉ်နှင့် ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ရင်ဆိုင်ကြုံတွေ့ရမည့် ကိစ္စရပ်များတွင် ကြိုတင်ပြင်ဆင်နိုင်ရန်၊ ထိရောက်စွာတုံ့ပြန်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးတို့ အတွက် "မသန်စွမ်းသူများအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေး စံလုပ်ငန်းစဉ်" ကို ပြုစုရေးဆွဲလျက်ရှိပါကြောင်းနှင့် သဘာဝဘေးကြုံတွေ့လာပါက ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် မသန်စွမ်းသူများ ပူးပေါင်းပါဝင်နိုင်မည့် အခြေအနေများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အဖက်ဖက်မှ ပူးပေါင်းပါဝင်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးဒေါက်တာ စိုးဝင်းက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ ငလျင် ဘေးခံစားခဲ့ရသည့် မသန်စွမ်း ကိုယ်စားလှယ်များအား ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ပြီး ငလျင်ဒဏ်ခံစားခဲ့ရသည့် ကျန်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ မသန်စွမ်းသူ များအတွက်ကိုလည်း ထောက်ပံ့ကြေးများပေးအပ်ခဲ့ပါသည်။

## မန္တလေးငလျင်ဘေးသင့်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း




**၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်၊ ၇ ရက်၊ ၈ ရက်၊ ၁၆ ရက်၊ ၂၁ ရက်** **နေပြည်တော်**

အင်အားပြင်း မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မုန်းဝန်း ဗမာတိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ချုပ်၊

ဒုတိယဥက္ကဋ္ဌ၊ ဦးသီဟလွင် ဦးဆောင်သည့် အဖွဲ့ဝင်များက ငွေကျပ် သိန်း(၂၀၀)ကိုလည်းကောင်း၊ Yoma Group က ငွေကျပ် သိန်း(၁၀၀၀)ကိုလည်းကောင်း၊ စစ်တက္ကသိုလ်အမှတ်စဉ်(၃၇)ဗိုလ်လောင်းသင်တန်းဆင်း အရာရှိမိသားစုများက ငွေကျပ် (၁၃,၆၆၀,၀၀၀/-) ကိုလည်းကောင်း၊ ဖြူးမဟာစည် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရနှင့် ဒါယိကာ/ ဒါယိကာမများ၊ ရဟန်း ဒါယိကာ/ဒါယိကာမများ၊ကျောင်းဒါယိကာ/ဒါယိကာမများ၊ ပြည်တွင်း/ ပြည်ပ ဒါယိကာ/ ဒါယိကာမများ၊ ရပ်နီးရပ်ဝေး၊ ဒါယိကာ/ ဒါယိကာမများက ငွေကျပ် (၁၀) သိန်းနှင့် ငွေကျပ် (၆၇)သိန်းတန်ဖိုးရှိစားသောက်ကုန်/ လူသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် TZU CHI CHARITY FOUNDATION က ငွေကျပ်သိန်း(၂၀၀)၊ ဆန် (၆)ပြည်အိတ် (၉၂၀)အိတ်နှင့် ဆီ(၁)လီတာ (၉၂၀)ဗူးများကိုလည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ပါသည်။

## မန္တလေးငလျင်ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများအတွက် အလှူငွေများပေးအပ်လှူဒါန်း




**၂၀၂၅ ခုနှစ်၊ မေလ ၄ ရက်၊ ၆ ရက်** **နေပြည်တော်**

မန္တလေးငလျင်ဘေးသင့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ဖွံ့ဖြိုးရေး ကော်မတီနှင့် အများပြည်သူများက ငွေကျပ် (၃၀,၀၀၀,၀၀၀) အားလည်းကောင်း၊ ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် ရန်ကုန်ခါနန်တရုတ်နှစ်ခြင်းအသင်းတော်က ငွေကျပ် သိန်း(၅၀)၊ ဆန်(၂)ပြည် အိတ် (၅၀)အိတ်နှင့် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေး အထောက်အကူပြု ဗဟိုကော်မတီက ငွေကျပ် (၁၀)သိန်း တို့အားလည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရုံး၌ လာရောက် ပေးအပ်လှူဒါန်းခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး၊ ဦးစိုးကြည်က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

## လူမှုဝန်ထမ်းဦးစီးဌာနနှင့် Japan Heart အဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပခြင်း



လူမှုဝန်ထမ်းဦးစီးဌာနနှင့် Japan Heart အဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားအား ၂၀၂၅ ခုနှစ် မေလ ၈ ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီး ဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြား ရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ Japan Heart အဖွဲ့မှ Country Director နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က Japan Heart အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာကို (၉-၇-၂၀၁၂ မှ ၈-၇-၂၀၁၅) ရက်အထိ ပထမအကြိမ်၊ (၁-၈-၂၀၁၆ မှ ၃၁-၇-၂၀၁၉) ရက်အထိ ဒုတိယအကြိမ်၊ (၂၀-၁၀-၂၀၂၀ မှ ၁၉-၁၀-၂၀၂၃) ရက်အထိ တတိယအကြိမ် လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက် နိုင်ခဲ့ပါကြောင်း၊ ယခုအခါ စတုတ္ထအကြိမ် နားလည်မှုစာချွန်လွှာကို စီမံကိန်းကာလ (၃)နှစ်နှင့် လက်မှတ်ရေး ထိုးဆောင်ရွက် နိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခင်ကာလများကဲ့သို့ နားလည်မှုစာချွန်လွှာပါ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက် သွားစေလိုပါကြောင်း ပြောကြားခဲ့ပြီး Japan Heart အဖွဲ့မှ Country Directorက ယခုလို နားလည်မှု စာချွန်လွှာရေးထိုးနိုင် ခဲ့သည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ‌လျှော်ဘေးသင့် ပြည်သူများအား ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



ထို့နောက်နားလည်မှုစာချွန်လွှာအားလက်မှတ်ရေးထိုးခဲ့ပြီး အပြန်အလှန် ပေးအပ်ခဲ့ကြပါသည်။ Japan Heart အဖွဲ့သည် အမြင်အာရုံ မသန်စွမ်းသူများအား အသက်မွေးဝမ်း ကျောင်းပညာသင်ကြားပေးခြင်း၊ ကလေးသူငယ်များအား ပညာရေးပံ့ပိုးပေးခြင်း၊ ပရဟိတဂေဟာတွင် စောင့်ရှောက်ထားသော ကလေးများအား ထောက်ပံ့ပေးခြင်းစီမံကိန်းအား ရန်ကုန်တိုင်းဒေသကြီးရှိ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ် (၃)ခု တို့တွင် အမေရိကန်ဒေါ်လာ (၃) သန်းဖြင့် အကောင်ထည်ဖော် ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

## စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးကူညီဆောင်ရွက်ခြင်း (စစ်ကိုင်း၊မန္တလေး၊ကျောက်ဆည်၊ မိတ္ထီလာ၊ပျော်ဘွယ်၊ရမည်းသင်း၊နေပြည်တော်၊ ပျဉ်းမနား၊ ညောင်ရွှေ)

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသော မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ၊ ရှမ်းပြည်နယ်တို့တွင် လူသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်များ ပြိုလဲပျက်စီးမှုများကြောင့် ထိခိုက်ခံစားရသောဒေသများရှိ ပြည်သူများအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြန်လည် ထူထောင်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွဲ့စည်းထားသော စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးခြင်း (Psycho

Social Support-PSS) ဆောင်ရွက်သူများသည် ၂၅.၄.၂၀၂၅ ရက်မှ ၆.၅.၂၀၂၅ ရက်ထိ ရက်သတ္တပတ် ၂ပတ်ကြာ လျောင်ဒဏ်ခံစားခဲ့ရသော ပြည်သူများထံသို့ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းရုံးတို့မှ လူမှုရေးရာ ဖြစ်ရပ်စီမံ ခန့်ခွဲသူ Case Manager များမှ စိတ်လူမှုရေး ပိုင်းဆိုင်ရာများ သွားရောက်ပံ့ပိုး ကူညီဆောင်ရွက်ပေး ခဲ့ကြပါသည်။



## မွန်ပြည်နယ်တွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေ (၂၀၁၈) အသိပညာပေးခြင်းကျင်းပ



ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း မွန်ပြည်နယ် ကြီးကြပ်ရေး အဖွဲ့၏ ဦးဆောင်မှုဖြင့် မွန်ပြည်နယ်အတွင်းရှိပုဂ္ဂလိက မူလတန်းကြိုကျောင်းများမှ တာဝန်ရှိသူများအား ၂၈.၅.၂၀၂၅ ရက်နေ့တွင် ပြည်နယ်လူမှုဝန်ထမ်းရုံး၊ အစည်းအဝေး ခန်းမ၌ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေ (၂၀၁၈) အသိပညာပေးခြင်းကို ကျင်းပပြုလုပ် ခဲ့ပါသည်။

အသိပညာပေးအခမ်းအနားတွင် မွန်ပြည်နယ်၊ လူမှုဝန်ထမ်းရုံး၊ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက လုပ်ငန်းဥပဒေ (၂၀၁၈) အသိပညာပေးရှင်းလင်းရခြင်း ၏ ရည်ရွယ်ချက်၊ မွန်ပြည်နယ်အတွင်း တည်ထောင် ခွင့်ပြုမိန့် ရရှိထားပြီးသော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများနှင့် ပုဂ္ဂလိက မူလတန်း ကြိုကျောင်းများဖွင့်လှစ်ထားမှုအခြေအနေ၊တည်ထောင် ခွင့်ပြုမိန့်မရရှိဘဲ ဖွင့်လှစ်ထားရှိသည့် မူလတန်းကြို ကျောင်းများ၏ အခြေအနေ၊ ECCD လုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာ က ECCD လုပ်ငန်းဥပဒေပါအခန်းများ၊ မူလတန်းကြို ကျောင်းများတည်ထောင်ဖွင့်လှစ်ရာတွင်လျှောက်ထား ရမည့် သတ်မှတ်ပုံစံများ ပြစ်မှုပြစ်ဒဏ်များ၊ တည်ထောင်ခွင့်ပြုမိန့် ရရှိပြီးပါက ပေးသွင်းရမည့် မှတ်ပုံတင်ကြေးနှင့် သတ်မှတ်ဦးရေအလိုက် ပေးသွင်း ရမည့်နှုန်းထားများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ မူလ တန်းကြိုကျောင်းများအတွက် ညွှန်ကြားထားသည့် လမ်းညွှန်ချက် များအား Power Point ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။



ထို့နောက် တက်ရောက်လာကြသူများမှ သိရှိ လိုသည်များကို ပြန်လည်ဖြေကြားပြီး အသိပညာ ပေးခြင်းကို မွန်းလွဲ (၁၄:၀၀) နာရီတွင် ရုတ်သိမ်း ခဲ့ပါသည်။ အသိပညာပေးခြင်းသို့ မော်လမြိုင် ခရိုင်အတွင်းရှိ မြို့နယ် (၅) မြို့နယ်မှ ပုဂ္ဂလိကမူကြို တည်ထောင်ဖွင့်လှစ်သူများ၊ ဆရာမများ၊ စုစုပေါင်း (၆၀) ဦး တက်ရောက်ခဲ့ပါသည်။

## အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း (၂/၂၀၂၅) ဖွင့်ပွဲ အခမ်းအနား (မန္တလေးတိုင်းဒေသကြီး)



မန္တလေးတိုင်းဒေသကြီး၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မန္တလေးလူငယ် သင်တန်းကျောင်း၌ အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်းသင်တန်း (၂/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ၂၀-၅-၂၀၂၅ ရက်နေ့တွင်လူမှုဝန်ထမ်း ဦးစီးဌာန၊မန္တလေးလူငယ်သင်တန်းကျောင်းဘက်စုံသုံး ခန်းမ၌ဖွင့်လှစ်ခဲ့ပြီး အခမ်းအနားသို့ မန္တလေးတိုင်း ဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇာနည်အောင်၊ ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (မန္တလေး) မှ တာဝန်ခံနှင့် သင်တန်းနည်းပြများ၊ မန္တလေး လူငယ် သင်တန်းကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းနှင့် ဝန်ထမ်းများ၊ သင်တန်းသား (၃၁ဦး) တို့ တက်ရောက်ခဲ့ကြပြီး နံနက်(၁၁:၀၀) နာရီအချိန်တွင် အခမ်းအနားအား ရုတ်သိမ်းခဲ့ပါသည်။ သင်တန်းအား နေ့စဉ်နံနက် (၁၁:၁၅)နာရီမှ စတင်၍ (၂၀-၅-၂၀၂၅) ရက်မှ (၂၀-၆-၂၀၂၅) ရက်ထိ ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။



## မန္တလေးလူငယ်သင်တန်းကျောင်းရှိ ကျောင်းသားများအား ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေး OraVacs တိုက်ကျွေးခြင်း



၂၁.၅.၂၀၂၅ ရက်နေ့တွင် မန္တလေးတိုင်း ဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီး ကျန်းမာရေး ဆရာမ ဒေါ်ခင်လေးဝါနှင့် အဖွဲ့များသည် မန္တလေး လူငယ်သင်တန်းကျောင်းရှိ ကျောင်းသား (၂၅၁)ဦး၊ ဝန်ထမ်း (၁၅)ဦးနှင့် ဝန်ထမ်း မိသားစုများအား ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေး (OraVacs) ပထမ အကြိမ် လာရောက် တိုက်ကျွေးခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မေလအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိ သူများသည် ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၆

ရက်နေ့အထိ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ စဝ်စံထွန်း ရပ်ကွက်၊ ညောင်ဖြူစခန်းရပ်ကွက်၊ ရတနာသီရိ ရပ်ကွက်နှင့်ပြည်တော်သာရပ်ကွက်၊ကျောက်တလုံးကြီး မြို့နယ်ခွဲ၊ အောင်ဓမ္မဓမ္မာရုံ၊ နောင်ခဲကျေးရွာအုပ်စု၊ နောင်ကားကျေးရွာအုပ်စု၊ နားဟီးကျေးရွာအုပ်စုတို့၌ ကျေးရွာ သူ/ သား စုစုပေါင်း (၆၂၇)ဦးတို့အား ရေဘေး အန္တရာယ်၊ လျှပ်စီးဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ ဆောင်ရွက်ခဲ့ကြပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပေါင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၃-၅-၂၀၂၅) ရက်နေ့တွင် သာပေါင်းမြို့နယ်၊ ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ လေပြင်း ဘေးနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များ အား အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက် ခဲ့ကြပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မေလအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ခြင်း



(၁၅-၅-၂၀၂၅) ရက်နေ့တွင် ကျိုက်လတ် မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီ တိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်အတွင်း လျှင် ဘေးအန္တရာယ်ဖြစ်ပွားလာပါက အရေးပေါ် လုပ်ငန်း များအား လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လျှင်ဘေး အန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းအားကျိုက်လတ် မြို့နယ်၊ ပြည်သူ့ဆေးရုံအတွင်း၌ ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအဖွဲ့၊ မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် ရပ်ရွာ အခြေပြုလူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မေလအတွင်း မီးဘေးထောက်ပံ့မှုပြုလုပ်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်နေ့မှ ၂၃ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေ ခရိုင်၊ ချမ်းမြသာစည် မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ တမာကုန်း ကျေးရွာအုပ်စု၊ တမာကုန်းကျေးရွာ၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောင်းကြီးရပ်ကွက်၊ အရှေ့ ဆင်တိုင်ရပ်၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြစ်သားမြို့နယ်၊ ရွာရှည် ကျေးရွာအုပ်စု၊ ရွာရှည်ကျေးရွာတို့၌ မီးဘေးသင့် ပြည်သူလူထုဦးရေ (၉၃) ဦးနှင့် သေဆုံးသူ (၄)ဦးတို့ အတွက် ဆန်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မေလအတွင်း ရေဘေးထောက်ပံ့မှုပြုလုပ်ခြင်း



(၁၆-၅-၂၀၂၅) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင် (၁) ရပ်ကွက်၊ ငွေတောင်နယ်မြေ၌ ရေဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးနေအိမ် (၁) လုံးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ ကျပ် (၁၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၂) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆၀,၀၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၀-၅-၂၀၂၅) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မေလအတွင်း လေပြင်းဘေးထောက်ပံ့မှုပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ လင်းဝင်းကြီးအုပ်စု၊ ကြိမ်နီကုန်းကျေးရွာနှင့် သစ်ပုတ်ကုန်း အုပ်စု၊ တိုက်ကြီးကုန်းကျေးရွာ၊ သာပေါင်းမြို့နယ်၊ မီးသွေးတိုက်အုပ်စု၊ အလယ်ကျွန်းကျေးရွာ၊ ဆောင်ဘုံအုပ်စု၊ ဆောင်ဘုံကျေးရွာ၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ကျောင်းကွင်းအုပ်စု၊ ကျောင်းကွင်းကျေးရွာတို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ မြို့လှကျေးရွာ၊ ကျေးရွာအုပ်စု (၂) စုမှ ကျေးရွာ (၃) ရွာ၊ ကျေးရွာအုပ်စု (၄)စု၊ အောင်မြေသာစံခရိုင်၊ပုသိမ်ကြီးမြို့နယ်၊အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်တို့၌ လည်းကောင်း၊ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့၊မိုးနိုင်ကျေးရွာအုပ်စု၊ ဖားကပ်ကျေးရွာတို့၌လည်းကောင်း၊မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ နောင်ဒေးအုပ်စုနှင့် မောက်မွန်းအုပ်စု၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းမြို့၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ ကျေးရွာ (၁၁) ရွာတို့၌လည်းကောင်းလေပြင်း ဘေးသင့်ပြည်သူလူထုဦးရေ (၇၁၉)ဦးနှင့် သေဆုံး (၂)ဦးတို့အတွက် ဆန်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုး နှင့် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများမှ သွားရောက် ထောက်ပံ့ခဲ့ကြပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မေလအတွင်း လျှပ်စီးဘေးထောက်ပံ့မှုပြုလုပ်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ မန္တလေး တိုင်းဒေသကြီး၊ အမရပူရခရိုင်၊

အမရပူရမြို့နယ်၊မဟာအောင်မြေခရိုင်၊မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရမြို့နယ်၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ် ၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ၊ သာစည်မြို့နယ် ၊ ဝမ်းတွင်းမြို့နယ် ၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ပျော်ဘွယ်မြို့နယ်တို့၌လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရပ်ကွက် (၆) ခု၊ ကျေးရွာအုပ်စု (၁၀) ခု၊ ဇမ္ဗူသီရိမြို့နယ်၊ ရပ်ကွက်/ ကျေးရွာ (၆) ခုတို့၌လည်းကောင်း၊ ရှမ်းပြည်နယ်၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊တောင်ကြီးခရိုင်၊တောင်ကြီးမြို့နယ်၊ရပ်စောက်မြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ ကျောက်တောအုပ်စု၊ မျက်ရဲကျေးရွာ၊ မြောက်သစ်ရပ်ကွက်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တို့၌လည်းကောင်း သေဆုံးသူ (၂,၁၅၁)ဦး၊ ဒဏ်ရာရရှိသူ (၂,၂၃၂)ဦးနှင့် ဘေးသင့် (၉,၉၇၄)ဦးတို့အတွက် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုး၊ အိမ်ဆောက်ပစ္စည်း ထောက်ပံ့ငွေနှင့် သေဆုံးထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင် ဦးစီးမှူးများမှ သွားရောက် ထောက်ပံ့ခဲ့ကြပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မေလအတွင်း မိုးကြိုးဘေးထောက်ပံ့မှုပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ မေလ ၉ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဧရာဝတီ တိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ညောင်ငူကျေးရွာအုပ်စု၊ ညောင်ငူကျေးရွာတို့၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်၊ ပအိုးဝ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းလောင်းမြို့နယ်၊ လိန်းညားအုပ်စု၊ တခါးယဉ်ကျေးရွာနှင့် ဘုရားဖြူကျေးရွာအုပ်စု၊ မီးသွေးချောင်းကျေးရွာတို့၌လည်းကောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စု၊ အင်းငယ်ကျေးရွာတို့၌လည်းကောင်း မိုးကြိုးဘေးဖြစ်ပွားခဲ့မှုကြောင့် သေဆုံးသူ (၅)ဦး၊ ဒဏ်ရာရသူ (၁)ဦးတို့အတွက် ထောက်ပံ့ငွေများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင် ဦးစီးမှူးများမှ သွားရောက်ထောက်ပံ့ခဲ့ကြပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မေလအတွင်း ကမ်းပြိုဘေးထောက်ပံ့မှုပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့နှင့် ၆ရက်နေ့များတွင်ဧရာဝတီတိုင်းဒေသကြီး၊ညောင်တုန်းမြို့နယ်၊ စွန်တနီးကျေးရွာအုပ်စု၊ ပိတောက်ပင်စု

ကျေးရွာ၊ ရန်ကင်းစံရာကျေးရွာအုပ်စု၊ အနောက်ကျွန်းကျေးရွာ၌ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် လူနေအိမ် (၁၃) လုံးနှင့် ဘေးသင့်လူဦးရေ (၄၂) ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေများအား သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ၂၀၂၅ခုနှစ်၊မေလအတွင်းတောဆင်ရိုင်းဘေးထောက်ပံ့မှုပြုလုပ်ခြင်း



(၂၀-၅-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ အမှတ် (၄)ရပ်ကွက်၊ ညောင်မော်ကျေးရွာ၌ တောဆင်ရိုင်းဝင်ရောက်မှုကြောင့် သေဆုံး သူ (၁) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) အား (၂၃-၅-၂၀၂၅) ရက်နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ၂၀၂၅ခုနှစ်၊မေလအတွင်း ထူးခြားဖြစ်စဉ်ထောက်ပံ့မှုပြုလုပ်ခြင်း




(၆-၅-၂၀၂၅) ရက်နေ့တွင် သရက်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ နောင်ချိုမြို့နယ်၌ တိုက်ပွဲဖြစ်ပွားမှုကြောင့် မကွေးတိုင်းဒေသကြီး၊ မင်းတုန်း မြို့နယ်နှင့် သရက်မြို့နယ်အတွင်း ယာယီနေထိုင်လျက်ရှိသော တိုက်ပွဲရှောင်ပြည်သူ (၁၁) ဦး အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၅၅,၀၀၀/-) အား သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၃-၅-၂၀၂၅) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့တွင် အကြမ်းဖက်ဖြစ်စဉ်များ ကြောင့် မကွေးတိုင်းဒေသကြီး၊မကွေးမြို့နယ်အတွင်းတိမ်းရှောင်လာသည့် အိမ်ထောင်စု (၃၁) စုအတွက် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့အား မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၄-၅-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကညင်ဂုံကျေးရွာနှင့် သရောဘုန်းကျေးရွာအတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေထိုင်လျက်ရှိသော တိုက်ပွဲရှောင်ပြည်သူ (၇) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၈၀,၀၀၀/-) အား မြောင်းမြ မြို့ နယ်ဦးစီးမှူးရုံးမှ

သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၅-၅-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ငွေကျပ် (၆,၄၀၀,၀၀၀/-) အား သာပေါင်းမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်း ဝန်ကြီးဌာနများ ၌ Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့်အခြေအနေများ ကြည့်ရှုစစ်ဆေး



**၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်** **နေပြည်တော်**

အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ကော်မတီအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့သည် တာဝန်ရှိသူများလိုက်ပါ၍ ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနတို့၌ Prefabricated Office များ တပ်ဆင်ပြီးစီးမှု အခြေအနေများနှင့် တပ်ဆင်လျက် ရှိသည့်အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ဥပဒေရေးရာဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးတို့အား တရုတ်နည်းပညာရှင်အဖွဲ့မှ တာဝန်ရှိသူများက

Prefabricated Office များ၏ Models ၊ အချက်အလက်များနှင့် တပ်ဆင်ရာတွင် ဆောင်ရွက်သွားရမည့် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည် များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများသည်ရုံးဝင်းအတွင်း တရုတ်နည်းပညာရှင်အဖွဲ့မှ Prefabricated Office များ တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည်ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ရောက်ရှိကြပြီး ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာငွေးနှင့်အတူ အဆိုပါရုံးဝင်းအတွင်း Prefa-bricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိ ကြပြီး ဒုတိယ ဝန်ကြီးချုပ် နှင့် ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေနှင့်အတူ အဆိုပါရုံးဝင်းအတွင်း Prefa-bricated Office များ တပ်ဆင်ပြီးစီးမှု အခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။










